ရွှေပဒေသာစာပေ

# မိုးစက်ပွင့်

ကိုကို့ - အကဲလေး




အချစ်
လုံးချင်းဝတ္ထုသစ်

## ‘အရိပ်’

အချစ်ဟာ ဘဝ မဟုတ်ဘူး ဆိုပေမဲ့
သတိရခြင်းတွေ ခုန်ခုန်ထလာတဲ့ အခါ
အလွမ်းက မိမနိုင်ဖမနိုင် သားသမီးလိုပါပဲ။
တိမ်လွှာကို ထိုးခွဲတဲ့ ဓားက
အသွားနဲ့ မဟုတ်ပါဘူးတဲ့
ဓားဆိုမှ တော့
အသွားနဲ့ ပဲခွဲခွဲ အပြန်နဲ့ ပဲခွဲခွဲ
ရင်ဘတ်တော့ နှစ်ခြမ်းကွဲသွားတာပါပဲ။
အတိတ်က အရိပ်အချို့ဆိုတာ
ခဲဖျက်နဲ့ ပြန်ဖျက်လို့ ရတဲ့ သတ်ပုံအမှား မဟုတ်လေတော့
ငါ့ရင်ဘတ်ထဲ
နင့်ခြေရာတွေ ထင်ကျန်ရစ်ခဲ့တယ်လေ။

မိုးစက်ပွင့်

# အခန်း(၁)

××× တိမ်တွေကြည့်ရင်းကွယ် ××× ကိုယ်အမြဲကြေကွဲ ငိုနေတယ် ××× အတူတူနေ့လေးတွေ ပြန်တွေးမိရင်း သိပ်လွမ်းတယ် ××× ချစ်အားလေးရယ်ငယ် ××× ရင်မှာ သိုသပ် မျက်ရည်ဝဲ ××× ကိုယ်တကယ် လွမ်း ××× လွမ်းလို့ လေ အမြန်ဆုံးပြန်ခဲ့ချစ်သူရယ် ××× ကြင်နာစိတ်လေးတွေ ပြန်တမ်းတရင်း ငိုနေတယ် ××× ရင်ခုန်သိပ်မောတယ် ××× အချစ်အနမ်းတွေလည်း သိပ်လွမ်းတယ် ×××

စင်မြင့်ပေါ်မှာ သီချင်းဆိုနေတဲ့ ကောင်မလေးရဲ့ အလှက ပုရိသတို့၏ ရင်ကို အငြိမ်မနေအောင် လှုပ်ခတ်မိန်းမူးစေသည် ။ စူးရဲတဲ့ အလှတော့ မဟုတ်ပါဘူး။ ကောင်မလေးအရင်ဆိုသွားတဲ့ အဆိုတော်တွေရဲ့ အလှကသာ စူးရဲတောက်ပနေတာပါ။ အတိုအပြတ်၊ အတွန့်အဖတ်၊ ရင်ပေါ် ဒူးပေါ်တွေနဲ့ မျက်နှာမှာ ကာလာစုံတင်ပြီး လှလိုက်ကြတာ စူးစူးရဲရဲပါပဲ။

အခု သီချင်းဆိုနေတဲ့ ကောင်မလေးကျတော့ အဲဒီလိုမဟုတ်ပေ။ မျက်နှာမှာ ဘာကာလာမှ ခြယ်သခြင်းမရှိဘဲ မိတ်ကပ်ပါးပါး လိမ်းရုံနှင့် မျက်နှာက ဖွေးနုကြည်စင်နေသည် ။ နှုတ်ခမ်းနီကလည်း ဆိုးတယ်ဆိုရုံမျှ ပန်းဆီရောင် ခပ်ပါးပါးနှင့်သာ။ အခြား ထွေထွေထူးထူး ပြင်ဆင်ထားခြင်း မရှိဘဲကို လှနေတာ မြင်သူရဲ့ ရင်ကို အေးချမ်းစေသည် ပေ့ါ။

ဝတ်စားပုံက မိန်းမ မဆန်ပေ။

လိမ္မော်ရင်နဲ့ အဝါ၊ အဖြူတွေ ကွက်ထားတဲ့ အကွက်ရှပ်လက်ရှည်ကို တံတောင်နားအထိ အင်္ကျီလက်ကို ခေါက်တင်ထားလေသည် ။ ဘောင်းဘီက အပြာရင့်ရောင်။ ပြီးတော့ လျှာထိုးဦးထုပ်ကို လျှာနောက်ပြန် ဆောင်းထားသည် လေ။ ယောကျ်ားဆန်ဆန်နဲ့ တည်ငြိမ်တဲ့ အလှလို့ ပဲ ပြောရမှာ ပေါ့။ ဆံပင်က အညိုရောင်ကို ကုပ်ထောက်နေသည် လေ။

ချစ်အားလေးရယ်ငယ် ××× ရင်မှာ သိုသပ် မျက်ရည်ဝဲ ××× ကိုယ်တကယ်လွမ်း ××× လွမ်းလို့ လေ ပြန်ခဲ့ပါတော့ ချစ်သူရယ် ×× ×

အတူနေတာတွေ ကိုယ်အမြဲလွမ်းနေတယ် ××× သိပ်ချစ်တယ် ရင်ထဲခိုနားလည်ပေ့ါကွယ်×××

ရီဝေမျက်ဝန်းရယ် ××× ငိုခဲ့တာလည်း ကြာပြီပဲ ××× ဘယ်လိုဘာကြောင့်ကွယ် အဖော်မဲ့ကြေကွဲ အနေခက်တယ်×××

ဘယ်အထိချစ်မှာ လဲ ××× ဒီလိုအချိန်တိုင်း မေးသူရယ် ××× ကိုယ်တကယ်လွမ်း လွမ်းလို့ လေ အမြန်ဆုံးပြန်ခဲ့ ချစ်သူရယ် ××× ကြင်နာတာတွေ မေ့မထားလိုက်ပါနဲ့ ××× သိပ်ချစ်တယ် ရင်ထဲခိုနားလှည့်ပေ့ါကွယ် ×××

ဦးခွန်းဆက် ကောင်မလေးကို စူးစူးစိုက်စိုက်ကြည့်နေရင်းမှ တစ်ဦးတစ်ယောက်ကို သတိရမိသွားလေသည် ။ တူလိုက်တာ။ တည်ငြိမ်အေးချမ်းတာနဲ့ ယောကျ်ားဆန်တာ ကွာခြားမှုရှိပေမဲ့ မျက်နှာပေါက်က တော်တော်ဆင်သည် လေ။ အတိတ်ကို ပြန်သတိရမိတော့ စိတ်က အလိုလို လွမ်းလာသည် ပေါ့။

ဩော်… နှင်းရယ်။

‘ကိုခွန်းဆက်’

‘… … …’

‘ဟိတ်… ကိုခွန်းဆက်’

‘အင်… ဗျာ’

ဦးညီညီက ပခုံးကို လှမ်းပုတ်မှ ဦးခွန်းဆက် အတွေးစကို ဖြတ်ကာ လှည့်ကြည့်လိုက်မိသည် ။ ဦးညီညီက ပြုံးစိစိမျက်နှာနှင့်သာ…

‘မျက်တောင်လေးဘာလေး ခတ်ပါဦးဗျ။ ဘယ်လိုလဲ၊ သဘောကျနေပြီလား။ ကျမယ်ဆိုလည်း ကျလောက်စရာပါ။ ကောင်မလေး ပုံစံကြည့်ရတာ အဖြူထည်လေးထင်တယ်။ ကျွန်တော်လာနေတာ သူ့ကို ဒါပထမဆုံးအကြိမ် တွေ့ဖူးတာပဲ။ အသစ်ကလေး ထင်တယ်’

‘ဩော်…’

‘သဘောကျရင် သွားပြီး ဆုချလေဗျာ’

ဦးခွန်းဆက် ခေါင်းခါလိုက်မိသည် ။ သူက ဒါမျိုးတွေ ဝါသနာပါတဲ့ကောင်မှ မဟုတ်ဘဲလေ။ ကိုယ့်ဇနီးကို ချစ်လို့ ယူခဲ့တာ မဟုတ်ပေမဲ့ ယူပြီးတော့လည်း ဦးခွန်းဆက် သစ္စာရှိခဲ့သည် ။ အိမ်ထောင်ရေးကို သာယာအောင် ဖန်တီးခဲ့သည် လေ။ ကိုယ်ကြောင့် ကိုယ့်မိသားစုကို စိတ်မဆင်းရဲစေချင်ပါဘူး။ ဒါကြောင့် သိက္ခာတွေ၊ သမာဓိတွေကို ထိန်းခဲ့တာ အခုထိပါပဲ။

အခု ဒီကိုရောက်လာခဲ့တာ ဦးညီညီ အတင်းခေါ်လာလို့ လေ။ လုပ်ငန်းသဘောအရ၊ လူမှုရေးအရ ဒီလိုနေရာတွေ ရောက်လာပေမဲ့ ကိုယ့်မိသားစုအတွက် မဟုတ်ဘဲ အခြားလူတွေအတွက် ငွေအပိုဖြုန်းလေ့မရှိပေ။

ဒါကြောင့် ဇနီးဖြစ်သူ ဒေါ်သံစဉ်ချို ခဏခဏ ပြောလေ့ရှိသည် ။ သူမ အိမ်ထောင်ရေး ကံကောင်းသည် တဲ့ ။

'သဘောကျပါတယ်။ ကျွန်တော် သဘောကျတာက ရိုးသားစွာ သဘောကျခြင်းပါပဲ။ ကျွန်တော့်မိသားစုဝင် မဟုတ်တဲ့ လူတွေအတွက် ကျွန်တော်အပိုဝင်ငွေ မဖြုန်းတတ်ဘူး ကိုညီညီ'

'ဟား…'

'… … …'

'အဲဒီလောက်ကြီး ကိုယ့်ကိုယ်ကိုယ် ဘောင်ခတ်မထားစမ်းပါနဲ့ ကိုခွန်းဆက်ရာ။ ရခဲလှတဲ့ လူ့ဘဝကို ရတုန်း ပျော်ပျော်နေလိုက်စမ်းပါဗျ၊ စိတ်လွတ်ကိုယ်လွတ် ပျော်ပစ်လိုက်စမ်းပါ'

'ဆောရီးပါ၊ ကျွန်တော် ဝါသနာ မပါဘူး ကိုညီညီ'

ဦးညီညီက အားမလိုအားမရ ပုံစံနှင့် ခေါင်းကို ခပ်ဖြည်းဖြည်း ခါယမ်းလိုက်ပြီး…

'ကျွန်တော်က ကိုခွန်းဆက်ကို ဦးခွန်းဆက်ကို ဦးစားပေးတာဗျ။ ခင်ဗျား ဆုမချဘူး ဆိုရင်… ဟဲ… ဟဲ'

'ဦးညီညီ မျက်နှာကို လက်ဝါးနှင့် တစ်ချက်ပွတ်လိုက်ပြီး ထရပ်လိုက်သည် ။ ပြီးတော့ ပန်းကုံးတွေ၊ သရဖူးတွေ ရောင်းတဲ့ နေရာကို ရောက်သွားလေတော့

'အန်ကယ်… ပန်းကုံးဝယ်မလို့ လား'

'ဟုတ်တယ်လေ။ ဒီနေရာကို ရောက်လာမှ တော့ ဒါပဲရှိတာပေါ့ကွ'

ပန်းကုံးရောင်းတဲ့ ကောင်လေးနဲ့ ကောင်မလေးတစ်ယောက်မျက်နှာ

တစ်ယောက် ကြည့်လိုက်ကြသည် ။ ပြီးတော့ ကောင်လေးက ရယ်ကျဲကျဲနှင့် ခေါင်းကို ကုတ်လိုက်ပြီး...

'အန်ကယ်... အခု သီချင်းဆိုနေတဲ့ လေညှင်းစံအတွက် ဝယ်တာဆိုရင် ကျွန်တော်တို့ မရောင်းပါဘူးခင်ဗျာ'

'ဟင်... ဘယ်လို'

'လေညှင်းစံအတွက်ဆိုရင် မရောင်းရဘူးလို့ သူဌေးကိုယ်တိုင်က မှာထားလို့ ပါ အန်ကယ်'

ဦးညီညီ မျက်မှောင်ကြုတ်သွားသည် ။ ကြားရတာ အဆန်းကြီးပါလား။ ဒီဆိုင်မှာ ဖြစ်ဖြစ်၊ အခြားဆိုင်မှာ ဖြစ်ဖြစ် စားသောက်ဆိုင်မှာ သီချင်းဆိုသူမှန်သမျှ သရဖူရဖို့ ၊ ပန်းကုံးများ များရဖို့ မျှော်လင့်နေကြတာပဲလေ။ ဒီတစ်ယောက်ကျမှ လက်မခံဘူးဆိုတော့... ဟူး။ ဒီဆိုင်ပိုင်ရှင်က အမျိုးသမီးလေ။ အမျိုးသမီးတစ်ယောက်မှ အပျိုကြီးတဲ့ ။

'ဘာဖြစ်လို့ လက်မခံတာလဲ ငါ့ညီ။ တစ်ချက်လောက် ရှင်းပြပေးပါလား။ အန်ကယ်တို့ သိတာကတော့ စားသောက်ဆိုင်မှာ သီချင်းဆိုသူမှန်သမျှ ဒီလိုဆုချဖို့ ကို များများ ရပါစေလို့ ဆုတောင်းနေကြတာပဲ မဟုတ်လား'

'ဟုတ်ပါတယ်။ အခု သီချင်းဆိုနေတဲ့ လေညှင်းစံက အဲဒီလို မဟုတ်ဘူး ခင်ဗျာ။ သူ သီချင်းဆိုလို့ ရတဲ့ အနုပညာကြေးကလွဲရင် အခြားဘာဆုလာဘ်လာဘကိုမှ လက်မခံဘူးလို့ ပြောထားလို့ ပါခင်ဗျာ'

'အဆန်းပဲ၊ ဒါနဲ့ နာမည်က လေညှင်းစံလား'

'ဟုတ်ပါတယ်ခင်ဗျ'

'ဩော်...'

ဦးညီညီ လေညှင်းစံဆိုတဲ့ ကောင်မလေးကို တစ်ချက် လှမ်းကြည့်လိုက်သေးသည် ။ မာနခဲလေးထင်ပါရဲ့ ။ မရတော့လည်း နေပေ့ါ။ ပိုက်ဆံအကုန်သက်သာတယ် ဆိုတဲ့ အတွေးနှင့် လှည့်ပြန်လာခဲ့သည် ။

'ဖြောင်း… ဖြောင်း… ဖြောင်း'

လက်ခုပ်သံတွေ ကြားပေမဲ့ လေညှင်းစံကတော့ ခပ်တည်တည်ပါပဲ။ ကိုယ့်အလှည့်ပြီးတာနဲ့ စင်ပေါ်မှ ဆင်းလာခဲ့သည် ။ ဘယ်သူ့ကိုမှ ပြုံးပြဖို့ ဆန္ဒမရှိလို့ မျက်နှာချိုအောင်လည်း ပဲမပေးတတ်ပေ။ ပေးစရာမလိုပါဘူး။

အစကတည်းက ဝါသနာအရ သီချင်းဆိုတာ။ ဝမ်းစာအတွက် အနုပညာကြေး ထိုက်သလောက် ရပြီးပြီပဲလေ။ ဒ့ါအပြင် အခြားဆုတွေ လာဘ်တွေကို မလိုချင်ပါဘူး။ ဆုဆိုတာရဲ့ နောက်မှာ ဒီလိုနေရာမျိုးက အညှီအဟောက်တွေ ပါလာတတ်တာပဲ မဟုတ်လား။

နာမည်ကသာ လေညှင်းစံ။ လူက နေမင်းထန်လို့ မှ ည့်ဖို့ ကောင်းအောင် မာနကြီး၍ စိတ်ဆတ်သူပါ။ အထူးသဖြင့် ဗြိတိတီရုပ်နဲ့ နှာမျက်လုံးနဲ့ ကြည့်ရင် ဆွဲထိုးပစ်ချင်တာ။ လက်ကလည်း ယဉ်ပါဘိသနဲ့ ။ ကလေးဆန်တဲ့ အခါရှိသလို ပေါတောတောနဲ့ နေတဲ့ အခါ နေပေ့ါ။

ဒါပေမဲ့…

ဒီလိုနေရာမျိုးမှာ တော့ ထိုအကျင့်တွေကို ထုတ်သိမ်းထားသည် သာ ။

'မြေး…'

လေညှင်းစံ စင်ပေါ်က ဆင်းလာတာနှင့် အဘိုးဖြစ်သူက အနားသို့ ရောက် လာလေသည် ။ မြေမလေးကို စိတ်မချလို့ ဆိုပြီး လိုက်လာတာ

လေ။ မြေးကို ချစ်တာလည်း တုန်လို့ ပါပဲ။ ပြေးကြည့်မှ ဒီမြေးမတစ်ယောက်ပဲ ချစ်စရာ ရှိတာလေ။

ဆွေမျိုးဆိုတာက ပေးနိုင်ကမ်းနိုင်မှ ကိုယ့်ကို ဂရုစိုက် ကြင်နာသယောင်ရှိကြတာ။ ဒါကြောင့် ဘာပဲဖြစ်ဖြစ် မြေးအဘိုးနှစ်ယောက် တိုင်တိုင်ပင်ပင်ပါ။

'အဘိုး... ဘယ်လိုလဲ၊ မြေး သီချင်းဆိုတာ မိုက်ရဲ့ လား'

'မိုက်ပ့ါ၊ ကြိုက်ပ့ါ၊ ငါ့မြေးက တော်ပြီးသားပဲဟာ။ အဘိုးကဖြင့် ငါ့မြေးနဲ့ ဟိုအရင်ကလို တွဲပြီးတောင် ကလိုက်ချင်သေးတာ'

'ဟားဟား... အဘိုးကတော့လေ။ အနုပညာပိုးကို သတ်လို့ ကို မရတာပါလား'

'အံမယ်... မြေးလည်း အဘိုးကိုတူလို့ အဲဒီပိုးတွေ ဝင်နေတာ မဟုတ်လား'

'ဟုတ်ပ့ါဗျား'

'ကဲ... မြေး၊ အဘိုးတို့ ပြန်ကြမှာ လား'

'ပြန်မယ် အဘိုး၊ မမသက်ဆီ ခဏသွားလိုက်ဦးမယ်'

'လာပါပြီတော်၊ လာပါပြီ'

သက်ထားခင် ခပ်သုတ်သုတ် လျှောက်လာကာ လေညှင်းအနားရောက်တော့ ခြေလှမ်းကို ရပ်ပစ်လိုက်သည် ။ လေညှင်းက အစကတည်းက ပြောထားသည် လေ။ သူ့အနုပညာကြေးကို မမသက်လာပေးပါ။ ကျွန်တော်က မမသက်ကို လိုက်ရှာပြီး တောင်းမနေချင်ဘူးတဲ့ ။

'ရော့... လေညှင်း'

ပိုက်ဆံပေးလိုက်တော့ လေညှင်းက အံ့ဩအိတ်ထဲသို့ ဖြစ်သလို ထိုး ထည့်လေသည် ။

'ကျေးဇူးပါ မမသက်'

'ဟာ… မဟုတ်တာ လေညှင်းရယ်၊ လေညှင်းက အနုပညာကြေး ယူ တာလေ၊ မမသက်ကသာ လေညှင်းကို ကျေးဇူးတင်လို့ မဆုံး ဖြစ်နေ တာ သိလား'

'မလိုပါဘူး မမသက်ရာ၊ ကျွန်တော်က အမြင်မတော်ရင် ကူညီတတ် တာ အကျင့်ပါနေတာဗျ'

'ဟုတ်ပါပြီ။ အဲဒီစိတ်ဓာတ်လေးကိုပဲ မမသက်က လေးစားတာ'

'ကျွန်တော်တို့ ကို သွားခွင့်ပြုပါဦး မမသက်'

'ကောင်းပါပြီ လေညှင်း။ ဩော်… ဒါနဲ့ နောက်နေ့တွေလည်း သီချင်း လာဆိုနော် လေညှင်း'

'ဟုတ်ကဲ့ပါ မမသက်'

သက်ထားခင်ကို နှုတ်ဆက်ပြီး လေညှင်းတို့ မြေအဘိုး ထွက်သွား ကြလေတော့သည် ။ သက်ထား လေညှင်းတို့ ကို လိုက်ကြည့်နေမိ၏။ နာမည်က လေညှင်းစံတဲ့ ။ မဟုတ်မခံ ဆတ်ဆတ်ကြဲလေးပါပဲ။ စိတ် ထားဖြူစင်သလို လူကလည်း ချစ်စရာလေးပါ။ ကိုယ့်ကို ကူညီခဲ့ဖူးတဲ့ အဖြစ်ကို ပြန်တွေးမိတော့ သက်ထား ပြုံးမိသွားလေသည် ။

အဲဒီနေ့က သက်ထား အတိုးနဲ့ ချေးထားတဲ့ ပိုက်ဆံသိန်းငါးဆယ် သွားယူပြီး ပြန်လာခဲ့တာလေ။

***

# အခန်း(၂)

သက်ထားကား ထိုးရပ်သွာတော့ စိတ်ညစ်နေရသည် ။ အကူအညီ တောင်းဖို့ ကျတော့လည်း ဘယ်သူ့ကိုလည်း အကူအညီတောင်းရမှန်း မသိပါဘူး။ လူတိုင်းကိုလည်း အကူအညီ မတောင်းရဲဘူးလေ။ မိန်းမသား တစ်ယောက်တည်းဆိုတာ ချောက်နှုတ်ခမ်းမှာ ရပ်နေသလိုပါပဲ။

ဟိုကြည့်ဒီကြည့် ကြည့်နေစဉ်မှာ ပဲ...

'အစ်မကြီး... ဘာဖြစ်လို့ လဲဗျ၊ ကျွန်တော်တို့ ဘာကူညီရမလဲ'

ကားမှန်ချထားသည် မို့ တံခါးကနေ ခေါင်းပြူ လာပြီး မေးတဲ့ သူကို ကြည့်လိုက်တော့ ရုပ်ရည်သန့်သန့်ပြန့်ပြန့်နှင့် လူငယ်တစ်ယောက်ပါ။ အဲ... သူ့နောက်မှာ တစ်ယောက်နဲ့ ဆို နှစ်ယောက်ပေါ့။ သက်ထား သေ သေချာချာ အကဲခတ်သလို ကြည့်လိုက်မိသည် ။

နှစ်ယောက်စလုံး ရုပ်ကလေးတွေ သန့်နေသလို ဝတ်ထားတာက လည်း ရှပ်လက်ရှည်အဖြူနှင့် ယောပုဆိုးကို ဝတ်ထားကြတာလေ။ လာ မေးတဲ့ ချာတိတ်က ပုဆိုးအပြာရောင်ဖြစ်ပြီး နောက်ကတစ်ယောက် ဝတ်ထားတာက အညိုရောင်ပါ။ ရည်ရည် မွန်မွန်လေး တွေမို့ အကူအ ညီ တောင်းကြည့်မယ်ဆိုပြီး...

'ကားပျက်နေတာပါ၊ ထိုးရပ်သွားတာပဲ။ ဘာဖြစ်တာလဲတော့ မသိ ဘူး၊ မောင်လေး ကြည့်တတ်ရင် ကြည့်ပေးပါလား'

‘ဟုတ်ကဲ့၊ ကျွန်တော် ကြည့်ပေးပါ့မယ်’

ကောင်လေးက ကြည့်ပေးမယ်ဆိုပြီး ကားခေါင်းဆီ သွားလေတော့ သက်ထား ကားပေါ်ကနေ ဆင်းလိုက်သည် ။ ပိုက်ဆံတွေထည့်ထားတဲ့ လက်ကိုင်အိတ်ကို တံတောင်မှာ ချိတ်လျက်ပေါ့။

ပုဆိုးအညိုနဲ့ တစ်ယောက်က သက်ထားကိုပဲ လိုက်ကြည့်နေသည် ။ သက်ထားစိတ်မလုံသလို ဘုကြည့် ပြန်ကြည့်လိုက်တော့ သူ့အကြည့်က သက်ထားရဲ့ လက်ကိုင်အိတ်ဆီ ရောက်သွားလေသည် ။ ဒီတော့မှ သက်ထားတစ်ခုခုကို တွေးကြောက်သွားပြီး နေရာကနေ ထွက်သွားဖို့ ဆုံးဖြတ်လိုက်စဉ်မှာ ပင်…

‘ဟင်…’

‘… … …’

‘ဟဲ့… ဘာလုပ်တာလဲ’

ကောင်လေးက သက်ထားတံတောင်မှာ ချိတ်ထားတဲ့ ပိုက်ဆံအိတ်ကို လက်မှ ဆွဲချွတ်လေသည် ။ သက်ထား ပြန်လုလိုက်ပေမဲ့ မရပေ။ ကောင်လေး နှစ်ယောက်စလုံး ထွက်ပြေးချိန်မှာ တော့…

‘ခွပ်…’

‘အ…’

‘ဘုန်း…’

‘ဟာ…’

‘ခွပ်…’

‘အ…’

‘ဘုန်း…’

‘အား…’

လျှင်လိုက်တဲ့ ကောင်လေး။ ဘယ်ကနေ ပြေး လာပြီး ဝင်ချတယ် မ သိပါဘူး။ ပိုက်ဆံအိတ် လုသွားတဲ့ ကောင်လေးနှစ်ယောက်ကို လက်သီး ၊ တံတောင်၊ ဒူး အမျိုးမျိုးသုံးပြီး သမထည့်လိုက်တာ ဟိုနှစ်ကောင် ပြေး ပါလေရော။ နောက်မှ ရောက်လာသည့် ကောင်လေးက ပိုက်ဆံအိတ်ကို ပြန်လုထားပြီး ဖြစ်ကာ သက်ထားဆီသို့ လျှောက် လာလေတော့…

‘ဟောတော့’

သက်ထား ပါးစပ်အဟောင်းသား၊ မျက်လုံးအဝိုင်းသား ဖြစ်သွားရ လေတော့သည် ။ ကောင်လေးလို့ ထင်တာ ကောင်လေးမှ မဟုတ်ဘဲ။ ဖြူဖြူချောချော ကောင်မလေးဖြစ်နေတော့ သက်ထား မအံ့ဩဘဲ မနေနို င်တော့။ မိန်းကလေးဖြစ်ပြီး လက်တွေ၊ ခြေထောက်တွေက လျှင်မြန် ဖျ တ်လတ်လိုက်ပါဘိခြင်း။

‘ရော့… အစ်မ၊ အစ်မပိုက်ဆံအိတ်။ အဲဒီလူတွေ အစ်မဆီ လာ ကတည်းက ကျွန်တော် မသင်္ကာလို့ ကြည့်နေတာ’

‘ကျေးဇူးပါ ညီမလေးရယ်။ တကယ့်ကို မမ လှိုက်လှိုက်လှဲလှဲနဲ့ ကျေး ဇူးတင်တာပါ။ ညီမလေးသာ ရောက်မလာရင် ပိုက်ဆံအိတ်ထဲမှာ ပိုက် ဆံက သိန်းငါးဆယ်တောင် ညီမလေးရဲ့ ’

‘ရပါတယ်၊ နောက်ဆို သတိထားပေ့ါ။ လူဆိုးက (ချို)ဂျို ပေါက်နေ တာမှ မဟုတ်တာ’

ပြောပြီး ကောင်မလေးက ချာခနဲ လှည့်ထွက်သွားလေတော့…

‘ဟယ်… နေဦး ညီမ၊ နေပါဦး’

ခေါ်လိုက်တာပင် မရပေ။ ထွက်သွားတာ မြန်လိုက်တဲ့ ခြေထောက်တွေ။ သက်ထား ကျေးဇူးဆပ်ချင်လို့ ချာတိတ်မအကြောင်းကို စုံစမ်းပေမဲ့ စုံစမ်းလို့ မရပေ။ တွေ့ချင်ပြန်တော့လည်း ... သက်ထား သွားရင်းလာရင်း လမ်းမှာ လူတွေဝိုင်းအုံပြီး တစ်ခုခုကို ကြည့်နေတာ ထင်ပါရဲ့ ။ စူးစမ်းလိုစိတ်နဲ့ သွားကြည့်တော့ လေညှင်းစံတို့ မြေးအဘိုးပါ။ sound box ခပ်သေးသေးလေးနဲ့ နိုင်ငံခြား သီချင်းတစ်ပုဒ်ကို ဖွင့်ပြီး Dancer အကကို မြေးအဘိုးနှစ်ယောက် ညီညီညာညာကနေတာ ခြေကွက်၊ လက်ကွက်တွေ တစ်ချက်ကလေးမှ မမှားပါဘူး။ ကျင့်ထားတာ ထင်ပါရဲ့ ။

အဘိုးဖြစ်သူကလည်း မြေးနှင့်အတူ လျင်မြန်ဖျတ်လတ်စွာ ကနေတာ လူငယ်လေး အတိုင်းပါပဲ။ သက်ထားပင် ကြည့်ကောင်းကောင်းနှင့် ရပ်ကြည့်နေမိတာ သီချင်းတစ်ပုဒ် ဆုံးသွားသည် ။ သူတို့ ကနေတဲ့ ရှေ့မှာ က ငွေရောင်ဖလားတစ်လုံး ချထားသည် လေ။

'ဟင်...'

သက်ထား လူအချို့ဖလားထဲကို ပိုက်ဆံတွေထည့်ကြတော့ မြင်တော့ ရင်ထဲမှာ ဘယ်လိုကြီး ဖြစ်သွားမှန်း မသိပါဘူး။ ဝမ်းနည်းသလိုလိုကြီး ဖြစ်သွားတာပါ၊ ဖလားထဲကို ပိုက်ဆံထည့်ကြတယ် ဆိုတာ ဘာနဲ့ တူနေသလဲ။ သက်ထား ဘယ်လိုမှ မကြည့်ရက်တော့တာကြောင့် သီချင်းတစ်ပုဒ်ဆုံးလို့ အကနားတဲ့ အချိန်မှာ လူအုပ်ထဲသို့ တိုးဝှေ့သွားလိုက်သည် ။

'ဒီမှာ ... ဒီမှာ ... ညီမလေး'

'ဟင်...'

လေညှင်းစံက လှည့်ကြည့်လေလျှင်...

‘မမ ညီမလေးနဲ့ စကားနည်းနည်းလောက် ပြောချင်တယ်ကွယ်။ ဟို လေ… မမကို မှတ်မိလား မသိဘူး။ မမကတော့ ညီမလေးကို မှတ်မိ တယ်။ ဘယ်တော့မှ လည်း မေ့မှာ မဟုတ်ပါဘူးကွယ်’

‘ဟုတ်ကဲ့၊ ကျွန်တော်လည်း မှတ်မိပါတယ်’

‘မမ ညီမလေးနဲ့ အေးအေးဆေးဆေး စကားပြောချင်တယ်၊ ရမလား ဟင်’

‘ရပါတယ် မမ’

လေညှင်းပုံစံက ပထမတစ်ခါတွေ့တုန်းကလိုပဲ ယောကျ်ားလျာ ပုံစံမျိုးပါ။ တီရှပ်ရေညှိရောင်ကို ဝတ်ထားပြီး အပေါ်က ရှပ်လက်ရှည် အဝါနဲ့ အဖြူ ကွက်ထားတဲ့ အင်္ကျီကို ထပ်ဝတ်ထားသည် ။ ဘောင်းဘီက အနက်ရောင်။ ရှပ်အင်္ကျီကို ကြယ်သီး လုံးဝတပ်မထားဘဲ အောက်နားစ ဟိုဘက်ဒီဘက် နှစ်စကို ခါးအနားမှာ ချည်ထားလေသည် ။ အင်္ကျီလက်ကို တံတောင်နားအထိ ခေါက်တင်ထားပြီး ဂျင်း(န်)ဦးထုပ်လျှာကို နောက်ပြန်ဆောင်းထားပုံက မသိရင် ဂျလေဘီဆန်ဆန်ပါပဲ။

သက်ထား ဝိုင်းကြည့်နေတဲ့ လူအုပ်ဘက်သို့ လှည့်ပြီး…

‘အားလုံးပဲ ကျွန်မ တောင်းပန်ပါတယ်ရှင်။ ဖလားထဲကို ထည့်ထားတဲ့ ကိုယ့်ပိုက်ဆံကိုယ် ပြန်ယူကြပါရှင်။ သူတို့ က ကျွန်မအဘိုးနဲ့ ကျွန်မ ညီမလေးပါ။ ဒီလိုလုပ်တာ သူတို့ ဆင်းရဲလွန်းလို့ ဒီလို ပိုက်ဆံရှာတာ မဟုတ်ပါဘူး။ အကဝါသနာပါလို့ ဒီလို လျှောက်လုပ်နေကြတာပါ။ ကိုယ့်ပိုက်ဆံကိုယ် ပြန်ယူသွား… ယူသွားကြပါရှင်။ ကျွန်မ အနူးအညွတ် တောင်းပန်ပါတယ်။ ပြန်ယူသွားကြပါ’

‘ဟင်…’

လေညှင်းရော သူ့အဘိုးရော သက်ထားလုပ်ရပ်ကြောင့် ပါးစပ်အဟောင်းသားနှင့် ခပ်ကြောင်ကြောင် ကြည့်နေကြသည် လေ။ ကြည့်နေကြတဲ့ လူတွေက ပိုက်ဆံပြန်မယူဘဲ အလှျိုလှျို ထွက်သွားကြလေလျှင်...

'အစ်မ... ခင်ဗျား ဘာလုပ်တာလဲဗျ။ သူများ စီးပွားရေးကို တုတ်နဲ့ မထိုးနဲ့ နော်'

'မထိုးပါဘူး ငါ့ညီမရယ်'

သက်ထား လက်ကိုင်အိတ်ကို ဖွင့်လိုက်ပြီး အိတ်ထဲမှ ပိုက်ဆံတစ်သိန်းကို ထုတ်လိုက်ကာ...

'ရော့... ညီမ'

'ဒါ ဘာလုပ်တာလဲ'

လေညှင်းစံက သက်ထားပေးတဲ့ ပိုက်ဆံကို မယူဘဲ ခပ်မာမာလေသံနှင့် ပြန်မေးလေသည် ။ အဘိုးဖြစ်သူက နားမလည်သလိုနှင့်...

'မြေး... သူက ဘယ်သူလဲ'

'ဟိုတစ်ခါ အဘိုးကို ပြောပြတဲ့ ပိုက်ဆံအိတ်အလုခံရတဲ့ အစ်မပါ အဘိုး'

'ဩော်...'

'ယူပါ ညီမ။ မမက စေတနာသန့်သန့်နဲ့ ပေးတာပါ။ ဟိုတစ်ခါ ညီမသာ မကူညီရင် မမ ပိုက်ဆံသိန်းငါးဆယ် မသမာသူလက်ထဲ ပါသွားမှာလေ။ ညီမလေးကို တစ်သိန်းပေးတာ မမအတွက် ဘာမှ မဟုတ်ပါဘူးကွယ်'

'ကျွန်တော် မယူဘူး'

'ဟင်...'

'ကျွန်တော် အမြင်မတော်လို့ ကူညီလိုက်တာ။ ဘာမျှော်လင့်ချက်နဲ့ မှ မဟုတ်ပါဘူး မမ။ ကျွန်တော့် ချွေးနဲ့စာမဟုတ်ဘဲနဲ့ ကျွန်တော် ဘယ်သူ့ဆီက ပိုက်ဆံကိုမှ အလကားမလိုချင်ဘူး။ မယူပါရစေနဲ့ '

တော်တော်မာနကြီးတဲ့ ကောင်မလေးပါလား။ မာနကိုတော့ ကြိုက်ပြီလေ။ ဒါပေမဲ့ သူ အခုလုပ်နေတဲ့ အလုပ်ကို သက်ထား မကြိုက်ပါဘူး။ ကတ်ဆက်ဖွင့် ကပြပြီး ဖလားတစ်လုံး ချထားတာကို အလုပ်နာမည်က ကင်ပွန်းတပ်လို့ မရတော့။

ခပ်ရိုင်းရိုင်း ကင်ပွန်းတပ်ကြည့်ရရင် သူတောင်းစားနဲ့ ဘာများ ထူးလို့ လဲလေ။

'ညီမရဲ့ မာနကိုတော့ ကြိုက်ပါတယ်။ ဒါပေမဲ့ ညီမတို့ အခုလုပ်နေတဲ့ အလုပ်က ဘယ်လိုပြောရမလဲ မသိတော့ပါဘူး။ ဖလားတစ်လုံးကို ရှေ့ချထားတယ်ဆိုတော့...'

စကားဆက်ဖို့ ကို အားနာတာကြောင့် သက်ထား စကားကို ဖြတ်ထားလိုက်သည် ။ ဒါကိုပဲ သဘောပေါက်လွယ်တဲ့ လေညှင်းက မဲ့ပြုံးပြုံးလိုက်ပြီး...

'ဖလားလို့ ယဉ်ယဉ်ကျေးကျေး သုံးလိုက်ပေမဲ့ ခွက်တစ်လုံးရှေ့ချပြီး တောင်းစားနေတဲ့ သူတောင်းစားဖို့ မမ ဆိုလိုချင်တာကို ကျွန်တော် သိတယ်။ ဘယ်လိုပဲ ယဉ်ကျေးအောင်ပြောပြော အဓိပ္ပာယ်ကတော့ အတူတူပါပဲ'

'ဟိုလေ... မမက'

'အဘိုး ရှင်းပြလိုက်မယ် မြေး'

လေညှင်း တစ်ခုခုပြန်ပြောမလို့ ပြင်လိုက်စဉ်မှာ ပဲ အဘိုးက ဝင်ပြောလေတော့ ပါးစပ်ပိတ်သွားလေသည် ။

'အဓိပ္ပာယ်ချင်းတူပေမဲ့ လုပ်ပုံချင်း မတူတော့ သူတောင်းစားလို့ သတ်မှတ်လို့ မရဘူးဆိုတာ တူမကြီးကို ဦးလေး ရှင်းပြမယ်'

'ဟုတ်ကဲ့ပါ ဦးလေး'

'သူတောင်းစားဆိုတာက ခွက်တစ်လုံးကိုင်ပြီး သူများ မသနား သနားအောင် ပြောပြီး တောင်းရတာလေ။ သူတို့ က သိပ်မပင်ပန်းဘူး၊ ချွေးမထွက်ဘူးပေ့ါ။ အလှူခံဆိုတာကျတော့ သဒ္ဒါသလောက် ကုသိုလ်တော် ပါဝင်ခိုင်းတာ၊ ဘုရားအတွက်၊ ကျောင်းအတွက် အစရှိသည် ပေ့ါ'

သက်ထား ဦးလေးကြီးပြောတာကို ငြိမ်သက်၍ နားထောင်နေမိသည် ။ ကိုယ်သဘောပေါက်ပေမဲ့ သဘောမပေါက်သူ အချို့က တစ်မျိုးထင်ကြမှာ မဟုတ်လား။ အဲဒီလိုထင်မှာ ကိုပဲ သက်ထားက မလိုလားတာပါ။

'အခု ဦးလေးတို့ မြေးအဘိုးက အသနားခံပြီး တောင်းနေတာ မဟုတ်ဘူး တူမကြီးရဲ့ ။ သဒ္ဒါတရား နည်းများ မဆိုလို့ ပြောပြီး အလှူခံနေတာလည်း မဟုတ်ဘူး ။ မြေးအဘိုးနှစ်ယောက် ကကြတယ်။ အပင်ပန်းခံပြီး လူတွေ စိတ်ကြည်နူးမှုရအောင် ကပြတယ်လေ။ အဆိုတော်တွေလို ရုံဝင်ကြေး ဘယ်လောက်လို့ သတ်မှတ်မထားဘူး။ ဖလားတစ်လုံး ချထားတယ်။ စေတနာရှိရင်ထည့်၊ မရှိရင် မထည့်နဲ့ ။ ဖလားထဲရောက်လာတဲ့ ပိုက်ဆံကို ဦးလေးတို့ ရဲ့ အနုပညာကြေးလို့ သတ်မှတ်တယ်။ ဒါမျိုး ကိုရီးယားကားတွေထဲမှာ တူမကြီး ကြည့်ဖူးမှာ ပေ့ါ။ ဦးလေးတို့ သူများ ပစ္စည်းကို မတရားမယူဘူး။ အခုလို သမာအာဇီဝကျကျနဲ့ သတ်မှတ်ကြပါစေပေ့ါကွယ်။ သူတောင်းစားက လူလိမ်တွေထက် သိ

ကွာရှိပါတယ်’

ဦးလေးကြီးက ရှည်လျားစွာ ရှင်းပြနေလေသည် ။ ဦးလေးကြီးပြော တာကို သက်ထား လက်မခံနိုင်တာ မဟုတ်ပါဘူး။ လက်ခံတယ်လေ။ ဒါ ပေမဲ့ သက်ထားမဟုတ်တဲ့ လူတွေထဲက အချို့ အဓိပ္ပာယ်ကောက် လွဲကြ ရင် ကောင်မလေးရဲ့ အနာဂတ်ကလေး မလှမပမှာ ကို စိုးတာပါ။

‘ကျေးဇူးရှင်ဆိုတဲ့ အသိနဲ့ ဒီကလေးရဲ့ ဘ၀ကို အစွန်းအထင်းမရှိစေ ချင်တာပါ။ ဒီတော့…’

‘ဟုတ်ပါတယ်လေ၊ ဦးလေးပြောတာကို သက်ထားလက်ခံပါတယ်။ ဒီထက်ကောင်းတဲ့ အလုပ်ကို ပြောင်းလုပ်ရင် ပိုကောင်းမလားလို့ ပါ။ သက်ထားက ဒီက ညီမလေးရဲ့ ရှေ့ရေးအတွက် စဉ်းစားမိလို့ စိုးရိမ်စိတ် နဲ့ ပြောမိတာပါ’

‘တူမကြီးက ဘာကို စိုးရိမ်တာလဲ’

‘ဦးလေးပြောတာကို လက်ခံတဲ့ သူတွေ ရှိသလို လက်မခံတဲ့ သူတွေ လည်း ရှိမှာ ပဲလေ။ လက်မခံတဲ့ သူတွေရဲ့ အမြင်ကြောင့် ကလေးမလေး ရဲ့ အနာဂတ်ကို အစွန်းအထင်းဖြစ်မှာ စိုးလို့ ပါ’

သက်ထားစကားကြောင့် ဦးလေးကြီး တွေခနဲဖြစ်သွားတာ မြင်လေ တော့ သက်ထား စကားဆက်ဖို့ အားရှိသွားလေသည် ။

‘ဦးလေး…’

‘ဟေ…’

‘စကားပြောရတာ မတ်တတ်ကြီးတွေ။ ဦးလေးနဲ့ ညီမလေးကို သက် ထား တစ်ခုခု လိုက်ကျွေးပါရစေနော်။ စားရင်းသောက်ရင်း စကားပြော ကြတာပေ့ါ။ နော်… ဦးလေး’

ဦးလေးကြီးက မြေးဖြစ်သူကို ကြည့်လေလျှင် မြေးဖြစ်သူက ခေါင်းညိတ်ပြပြီး…

'ကောင်းပြီလေ၊ ဒီတစ်ခုတော့ လိုက်လျောပြီး ကျွန်တော်တို့ လိုက်ခဲ့ပါ့မယ်'

'ကျေးဇူးပါ ညီမလေး'

'ကျွန်တော့်နာမည်အရင်းက လေညှင်းစံပါ။ အဘိုးနဲ့ ရပ်ကွက်ထဲက ခေါ်ကြတာ အကဲလေး။ ကျွန်တော့်ကို နာမည်ပဲခေါ်ပါ မမ'

'ကောင်းပါပြီကွယ်၊ ဒါဆို လေညှင်းလို့ ပဲ ရင်းရင်းနှီးနှီးခေါ်မယ်နော်'

လေညှင်းက ခေါင်းမညိတ်၊ ခေါင်းမခါပေ။ လေညှင်းလို့ ခေါ်တာကို မနှစ်သက်ဘူးထင်ပါရဲ့ ။ သက်ထားက လေညှင်းဆိုတဲ့ နာမည်လေးပဲ ခေါ်ချင်ပါသည် ။ လေညှင်းပုံစံလေးက လေညှင်းဆိုတဲ့ နာမည်နဲ့ ပဲ လိုက်သည် လို့ ထင်မိသည် ။

'မမနာမည်လည်း မှတ်ထားလေ၊ မမနာမည်က သက်ထားခင်တဲ့ '

'ဟုတ်ကဲ့'

ဖြေပုံ တိုတိုတုတ်တုတ်နှင့်ပဲ စကားက အဆုံးသတ်သွားလေတော့သည် ။ သက်ထား ဦးဆောင်ပြီး ခေါ်လာခဲ့တဲ့ နောက်မှာ …

***

# အခန်း(၃)

'ဝါသနာပါလို့ ကတယ်ဆိုရင် ဒီလိုပုံစံနဲ့ တော့ အသက်မွေးဝမ်းကျောင်း မပြုပါနဲ့ လေညှင်းရယ်။ မမ လေညှင်းကို ပြောပြမယ်၊ လေညှင်း လက်ခံနိုင်မလား မသိဘူး'

'ဟုတ်ကဲ့၊ ပြောပါ မမ'

လေညှင်းအသံက စောစောကလို တင်းမာမှုတွေ မပါတော့ပေ၊ သက်ထားရဲ့ စေတနာစကားတွေကို နားလည်သွားသည် ထင်ပါ့။

'မမက စားသောက်ဆိုင်ပိုင်ရှင် တစ်ယောက်ပါ'

'ဟုတ်ကဲ့'

'လေညှင်းက Dancer အက ကတာ တော်တော် တော်တာပဲ၊ သီချင်းရော ဆိုတတ်လား'

လေညှင်း ပြုံးလိုက်ပြီး...

'ဟား... ဆိုတတ်တာပေါ့ မမရ။ အဆိုတော်ဖြစ်ချင်တာ ကျွန်တော့်ရဲ့ ရူးသွပ်မှုပဲ၊ ဒါပေမဲ့ မဖြစ်နိုင်ပါဘူးဗျာ'

အားတက်သရော ပြောပြီးမှ လေသံက အဖျားရှူးသွားလေသည် ။ ဟုတ်တယ်လေ။ အဆိုတော်တစ်ယောက် ဖြစ်ဖို့ ဆိုတာ လွယ်တာမှ မဟုတ်တာ'

‘လေညှင်း’

‘ဗျာ…’

‘လေညှင်း မမဆိုင်မှာ သီချင်းဆိုမလား။ ကိုယ်ဝါသနာပါတဲ့ အလုပ်ကိုလည်း လုပ်ခွင့်ရတယ်၊ ပိုက်ဆံလည်း ရတယ်လေ လေညှင်းရဲ့ ’

‘ဟာ…’

လေညှင်းက ခေါင်းခါလေသည် ။ မျက်နှာလေးက ရှုံ့မဲ့သွားပြီး…

‘သီချင်းဆိုတာတော့ ဝါသနာပါတယ်။ ဒါပေမဲ့ စားသောက်ဆိုင်မှာတော့ မဆိုချင်ပါဘူးဗျာ’

‘ဘာဖြစ်လို့ လဲ လေညှင်း’

‘သီချင်းဆိုရုံဆို ပြဿနာမရှိပါဘူး။ ဟို… ပန်းကုံးစွပ်တာတို့ ၊ လာနှုတ်ဆက်တာတို့ ဟိုပြောဒီပြော ပြောလာရင် ကျွန်တော် စိတ်မရှည်ဘူးဗျ’

လေညှင်းစကားကို မယုံရှိပ့်မလား။ နေတာကိုက ယောကျ်ားဆန်ဆန်လေ။ ဒီတော့ ယောကျ်ားတွေနဲ့ ရောရောယှက်ယှက်နေဖို့ ပဲပေးတာတွေ၊ အထာပေးတာတွေ ဘယ်လုပ်တတ်ပ့်မလဲ။ စိတ်ရှုပ်ဟန် ရှုံ့ရှုံ့မဲ့မဲ့ မျက်နှာလေးကိုပဲ ကြည့်ပြီး သက်ထား ရယ်မိတော့သည် ။

‘ကျွန်တော့်ကို လာရစ်ရင်… ဟူး’

‘ဘာဖြစ်လဲ’

‘လူသတ်မှုဖြစ်မှာ သေချာတယ်’

‘ဘုရားရေ’

သက်ထား ရင်ဘတ်သာ ဖိမိတော့သည် ။ အဘိုးဖြစ်သူက မျက်ခုံးနှစ်ဖက် မြင့်တက်သွားပြီး ခေါင်းညိတ်လိုက်တာ သူ့မြေးစကားကို ထော

က်ခံလိုက်တာလား မသိပေ။

'အဲဒါ သေချာတယ်၊ ဦးလေးကလည်း ဒီမြေးကို အရိပ်လိုကြည့်နေတာ။ မြေးကို ယင်ဖိုတောင် အသန်းမခံစေချင်လို့ ဒီလိုပုံစံမျိုးဖြစ်အောင် ဦးလေး ပုံသွင်းထားခဲ့တာ'

'ဩော်... ဦးလေးရယ်၊ သဘာဝတရားကို လွန်ဆန်လို့ မှ မရတာ'

'ဦးလေးလည်း မလွန်ဆန်ပါဘူး၊ ရစ်လုံးညစ်လုံးသမားတွေဆို မြေးအနားက ဖြတ်သန်း သွားလာခွင့်တောင် မရှိစေချင်တာ'

'အဲဒီအတွက် ကျွန်မ တာဝန်ယူပါတယ် ဦးလေး၊ လေညှင်းကို ကျွန်မဆိုင်မှာ သီချင်းဆိုခွင့်ပြုပါ'

အဲဒီလို အဲဒီလို ကိုယ့်ဆိုင်မှာ သီချင်းဆိုဖို့ ကို မနည်း စည်းရုံးခဲ့ရသည့် အဖြစ်ပါ။ အခု သီချင်းဆိုသွားတာ လေညှင်းပုံစံက ဂျလေဘီဆန်ပေမဲ့ သီချင်းဆိုတာက နားထောင်လို့ ကောင်းသည် လေ။

'မမ...'

'... ...'

'မမ'

'အင်... ဟင်'

ဒေလီယာဆိုတဲ့ ကောင်မလေးက အနားကပ်ပြီး ခေါ်မှ ပဲ သက်ထား အတွေးနယ်ထဲကနေ အသိအာရုံတို့ နှုတ်ထွက်ကာ...

'ဘာလဲ ဒေလီယာ'

'ဘာမှ မဟုတ်ပါဘူး မမ၊ မမ ဒီနေရာမှာ ရပ်နေတာကြာပြီမလို့ ခေါ်ကြည့်တာပါ'

‘သြော်…’

သက်ထား လေညှင်းအကြောင်း ဘယ်လောက်ကြာကြာ တွေးမိသွားသည် မသိပေ။ ဘေးကလူတောင် အမြင်မတော်လို့ လာပြီး သတိပေးခဲ့ရတဲ့ အဖြစ်ပါလား။

***